စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# ကြက်သွန်နီ

# ဈေးကွက်အလားအလာလေ့လာချက်

(ITC MARKET SCAN)

အမှတ်စဉ် (၀၀၀၄)

(HS–Code 070310)

Fresh or Chilled Onions and Shallots













September 2020

# ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## PRODUCT : 070310 Fresh or chilled Onions and shallots

## (HS–Code 070310)

## Fresh or chilled Onions and shallots


ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်


၂၀၁၉ ခုနှစ်၌ ကမ္ဘာ့အများဆုံးတင်သွင်းသော(၁၀) နိုင်ငံ

Fig 1: Top 10 World importers in 2019

| No | Importers | Value Imported in 2019 (US$,000) | Quantity Imported in 2019(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | United States of America | 459085 | 543407 | 845 | 11.3 |
| 2 | Viet Nam | 297871 | 303319 | 982 | 7.3 |
| 3 | United Kingdom | 295697 | 457193 | 647 | 7.3 |
| 4 | Germany | 231499 | 283713 | 816 | 5.7 |
| 5 | Netherlands | 217540 | 365055 | 596 | 5.4 |
| 6 | Malaysia | 179596 | 504692 | 356 | 4.4 |
| 7 | Canada | 178602 | 206661 | 864 | 4.4 |
| 8 | Japan | 131341 | 280639 | 468 | 3.2 |
| 9 | France | 109151 | 145848 | 748 | 2.7 |
| 10 | Belgium | 90106 | 127401 | 707 | 2.2 |
| 11 | other | 1862582 | 5284391 | –6552 | 46.1 |
| 12 | World Total | 4053070 | 8502319 | 477 | 100 |

Source : ITC TradeMap


Top 10 World Importers In 2019
6000000
5000000
4000000
3000000
2000000
1000000
0
United States of America
Viet Nam
United Kingdom
Germany
Netherlands
Malaysia
Canada
Japan
France
Belgium
other
Value imported in 2019 (USD thousand)
Quantity imported in 2019


List of importing countries for the selected product in 2019
Product : 070310 Fresh or chilled onions and shallots
Greenland
Canada
United States of America
Mexico
Cuba
Peru
Brazil
Bolivia
Chile
Norway
Russian Federation
Ukraine
Kazakhstan
Mongolia
China
Italy
Spain
Turkey
Iraq
Pakistan
India
Algeria
Egypt
Mali
Niger
Chad
Sudan
Nigeria
Ethiopia
Angola
Australia
Imported value, USD thousand
N.A.
0 - 4,591 USD thousand
4,591 - 22,954 USD thousand
22,954 - 45,908 USD thousand
45,908 - 91,817 USD thousand
91,817 - 229,542 USD thousand
> 229,542 USD thousand

၁။ ၂၀၁၉ ခုနှစ်တွင် (HS.Code– 070310) ကြက်သွန်နီ အားအများဆုံး တင်သွင်းခဲ့သော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ အမေရိကန်၊ ဗီယက်နမ်၊ အင်္ဂလန် ၊ ဂျာမဏီ ၊ နယ်သာလန်စ်၊ မလေးရှား၊ ကနေဒါ၊ ဂျပန်၊ ၊ ပြင်သစ်၊ ဘယ်လဂျီယမ် တို့ဖြစ်ကြသည်ကို ITC Trade Map အရသိရှိရသည်။ အမေရိကန်၏ ၂၀၁၉ ခုနှစ် သွင်းကုန်တန်ဖိုး စုစုပေါင်းမှာ ကန်ဒေါ်လာ၄၅၉ ဒသမ ၀၈၅ သန်းရှိပြီး ကမ္ဘာ့ကြက်သွန်နီ ဈေးကွက်၏ ဈေးကွက်ဝေစု ၁၁ ဒသမ ၃ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် ဗီယက်နမ်က သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ၂၉၇ ဒသမ၈၇၁ သန်းဖိုး တင်သွင်း၍ ဈေးကွက်ဝေစု ၇ ဒသမ၃ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ အင်္ဂလန်က ကန်ဒေါ်လာ ၂၉၅ ဒသမ ၆၉၇ သန်းဖိုးတင်သွင်း၍ ဈေးကွက်ဝေစု ၇ ဒသမ ၃ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင် ရှိသည်။ အလားတူ ဂျာမဏီ ၊ နယ်သာလန်စ်၊ မလေးရှား၊ကနေဒါ၊ ဂျပန်၊ ၊ ပြင်သစ်၊ ဘယ်လဂျီယမ် တို့ကအစဉ်လိုက် ရပ်တည်လျက်ရှိကြသည်။ ကမ္ဘာ့ကြက်သွန်နီ တင်သွင်းသည့်နိုင်ငံပေါင်း (၂၁၃) နိုင်ငံရှိပြီး ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံ၏ တစ်တန်ပေါက်ဈေးများကို နှိုင်းယှဉ်လေ့လာရာတွင် ဗီယက်နမ်က ဝယ်ယူသည့်ဈေးမှာ အမြင့်ဆုံးဖြစ်ပြီး၊ ကနေဒါက ဒုတိယ၊ အမေရိကန်က တတိယ၊ ဂျာမဏီက စတုတ္ထနှင့် ပြင်သစ်က ပဥ္စမတို့ဖြစ်ကြသည်။

**မြန်မာ့ကြက်သွန်နီ အများဆုံး တင်ပို့ခဲ့သည့် နိုင်ငံများ (၂၀၁၉)**

**Fig 2: Top 4 Importers of Myanmar in 2019**

| Importer Countries | Value Imported in 2019 (US$,000) | Quantity Imported in 2019 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Thailand | 2599 | 7934 | 328 | 69 |
| Malaysia | 839 | 2365 | 355 | 22.3 |
| Singapore | 308 | 641 | 480 | 8.2 |
| Korea, Republic of | 20 | 3 | 6667 | 0.5 |

Source : ITC TradeMap

၂။ ၂၀၁၉ခုနှစ်တွင် မြန်မာ့ ကြက်သွန်နီ အား အများဆုံးတင်ပို့ရောင်းချခဲ့သည့်နိုင်ငံများမှာ ITC Trade Map အရ ထိုင်း၊ မလေးရှား၊ ၊ စင်ကာပူ၊ ကိုရီးယား၊ တို့ဖြစ်ကြသည်။

**၂၀၁၅ခုနှစ်မှ ၂၀၁၉ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့နိုင်ငံအသီးသီးက ပြည်ပသို့ ကြက်သွန်နီ တင်ပို့မှု**

၃။ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့နိုင်ငံအသီးသီးက ပြည်ပသို့ ကြက်သွန်နီ တင်ပို့မှုပမာဏနှင့် တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့နိုင်ငံများက ပြည်ပသို့ ကြက်သွန်နီ တင်ပို့မှုတန်ဖိုးပြဇယား**

**Fig 3: List of exporters for the selected product**

**Product: 070310 Fresh or chilled onions and shallots**

Unit : US Dollar thousand

| NO | Exporters | Exported value in 2015 | Exported value in 2016 | Exported value in 2017 | Exported value in 2018 | Exported value in 2019 |
|---|---|---|---|---|---|---|
| 1 | Netherlands | 465450 | 620342 | 537154 | 680175 | 815232 |
| 2 | China | 476712 | 456661 | 507206 | 509517 | 604387 |
| 3 | India | 423388 | 382394 | 423335 | 420448 | 367328 |
| 4 | Mexico | 409983 | 448498 | 370917 | 419768 | 356008 |
| 5 | United States of America | 212986 | 229969 | 219461 | 231679 | 287698 |
| 6 | Egypt | 268958 | 201334 | 207238 | 117849 | 243895 |
| 7 | Spain | 166943 | 154420 | 133214 | 176813 | 212604 |
| 8 | New Zealand | 56851 | 81486 | 81293 | 62098 | 113999 |
| 9 | Poland | 41265 | 40668 | 40500 | 82554 | 104272 |
| 10 | France | 71374 | 91876 | 76862 | 80974 | 96123 |
| 11 | Myanmar* | 1135 | 11916 | 9186 | 13477 | 3766 |
| 12 | other | 681337 | 635320 | 610966 | 776355 | 861046 |
| 13 | World Total | 3276382 | 3354884 | 3217332 | 3571707 | 4066358 |

Source: ITC Trade Map

***မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၅၁) တွင်ရှိပါသည်။**

## ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့နိုင်ငံအသီးသီးက ပြည်ပသို့ ကြက်သွန်နီ တင်ပို့မှုပမာဏပြဇယား

**Fig 4: List of exporters for the selected product**

**Product: 070310 Fresh or chilled onions and shallots**

| No | Exporters | 2015 Exported quantity, Tons | 2016 Exported quantity, Tons | 2017 Exported quantity, Tons | 2018 Exported quantity, Tons | 2019 Exported quantity, Tons |
|---|---|---|---|---|---|---|
| 1 | Netherlands | 1334210 | 1574737 | 1568931 | 1529443 | 1634401 |
| 2 | India | 1030551 | 1837249 | 1621779 | 1688420 | 1460547 |
| 3 | China | 870009 | 711270 | 921792 | 910119 | 983718 |
| 4 | Egypt | 551678 | 445087 | 566278 | 445991 | 825379 |
| 5 | Spain | 356260 | 356560 | 338215 | 355955 | 404588 |
| 6 | United States of America | 304404 | 325545 | 327891 | 359720 | 402437 |
| 7 | Mexico | 386242 | 412925 | 420989 | 432619 | 338884 |
| 8 | Uzbekistan | | | 27247 | 100373 | 273714 |
| 9 | Peru | 162112 | 208976 | 191281 | 212807 | 242149 |
| 10 | Turkey | 93390 | 105932 | 248270 | 101169 | 228322 |
| 11 | Myanmar* | 2547 | 7919 | 22961 | 8575 | 10943 |
| 12 | other | 2313736 | 2219892 | 2005152 | 2388537 | 2210887 |
| 13 | World Total | 7405139 | 8206092 | 8260786 | 8533728 | 9015969 |

Source: ITC Trade Map

***မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၄၀) တွင်ရှိပါသည်။**

၄။ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ကမ္ဘာ့ဈေးကွက်တွင် ကြက်သွန်နီ တင်ပို့သောနိုင်ငံ ၁၆၃ နိုင်ငံ ရှိပြီး မြန်မာနိုင်ငံသည် ပမာဏအားဖြင့် တင်ပို့မှုတွင် အဆင့် ၄၀ နှင့် တန်ဖိုးအားဖြင့် တင်ပို့မှုတွင် အဆင့်၅၁ နေရာများတွင်ရှိနေပါသည်။

# ကြက်သွန်နီ အများဆုံးတင်သွင်းသော အာရှ (၁၀)နိုင်ငံ (၂၀၁၉)

**Fig 5: Top 10 Asia Importers in 2019**

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value (USD/Unit) | Market Share % |
|---|---|---|---|---|
| Viet Nam | 297871 | 303319 | 982 | 7.3 |
| Malaysia | 179596 | 504692 | 356 | 4.4 |
| Japan | 131341 | 280639 | 468 | 3.2 |
| Bangladesh | 88750 | 254072 | 349 | 2.2 |
| United Arab Emirates | 86062 | 323796 | 266 | 2.1 |
| Saudi Arabia | 83625 | 296019 | 282 | 2.1 |
| Sri Lanka | 80325 | 252856 | 318 | 2 |
| Russian Federation | 78595 | 195641 | 402 | 1.9 |
| Indonesia | 56596 | 111935 | 506 | 1.4 |
| Singapore | 42975 | 76001 | 565 | 1.1 |

Source : ITC TradeMap


၅။ ၂၀၁၉ ခုနှစ်တွင် ကြက်သွန်နီကို အာရှနိုင်ငံများအနက် အများဆုံးဝယ်ယူလျက်ရှိသော နိုင်ငံများမှာ ဗီယက်နမ်၊ မလေးရှား၊ ဂျပန်၊ ဘင်္ဂလားဒေ့ရှ်၊ ယူအေအီး ၊ ဆော်ဒီအာရေဗျ၊ သီရိလင်္ကာ၊ ရုရှား၊ အင်ဒိုနီးရှား၊ စင်ကာပူတို့ဖြစ်ကြသည်။ ဗီယက်နမ်သည် ၂၀၁၉ ခုနှစ်တွင် သွင်းကုန်တန်ဘိုး ကန်ဒေါ်လာ ၂၉၇ ဒသမ ၈၇၁ သန်းဖိုးနှင့် အရေအတွက် ၃၀၃၃၁၉ တန်ဖြင့် အများဆုံးဝယ်ယူခဲ့ပြီး မလေးရှားက ကန်ဒေါ်လာ ၁၇၉ ဒသမ ၅၉၆ သန်းဖိုးနှင့်အရေအတွက် ၅၀၄၆၉၂ တန်ဖြင့် ဒုတိယအများဆုံး၊ ဂျပန်က ကန်ဒေါ်လာ ၁၃၁ ဒသမ ၃၄၁ သန်းဖိုးနှင့် အရေအတွက် ၂၈၀၆၃၉ တန်ဖြင့် တတိယအများဆုံး ဝယ်ယူလျက်ရှိကြောင်းတွေ့ရသည်။ ထို့နောက် ဘင်္ဂလားဒေ့ရှ်၊ ယူအေအီး၊ ဆော်ဒီအာရေဗျ၊ သီရိလင်္ကာ၊ ရုရှား၊ အင်ဒိုနီးရှား၊ စင်ကာပူတို့က အစဉ်လိုက်ရှိကြသည်။

## ကမ္ဘာ့ပို့ကုန်ထိပ်တန်း (၁၀) နိုင်ငံ (၂၀၁၉)

### Fig 6. Top 10 World exporters in 2019

| Exporter Countries | Value Exported in 2019 (US$,000) | Quantity Exported in 2019(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Netherlands | 815232 | 1634401 | 499 | 20 |
| China | 604387 | 983718 | 614 | 14.9 |
| India | 367328 | 1460547 | 252 | 9 |
| Mexico | 356008 | 338884 | 1051 | 8.8 |
| United States of America | 287698 | 402437 | 715 | 7.1 |
| Egypt | 243895 | 825379 | 295 | 6 |
| Spain | 212604 | 404588 | 525 | 5.2 |
| New Zealand | 113999 | 187299 | 609 | 2.8 |
| Poland | 104272 | 138743 | 752 | 2.6 |
| France | 96123 | 128353 | 749 | 2.4 |
| Myanmar | 3765 | 10943 | 344 | 0.1 |

Source : ITC TradeMap






၆။ ၂၀၁၉ ခုနှစ်တွင် ကြက်သွန်နီ (**HS.Code–070310**)အား တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ နယ်သာလန်စ်၊ တရုတ်၊ အိန္ဒိယ၊ မက္ကဆီကို၊ အမေရိကန်၊ အီဂျစ်၊ စပိန်၊ နယူးဇီလန်၊ ပိုလန် ၊ ပြင်သစ်တို့ဖြစ်ကြသည်။ နယ်သာလန်စ်က ကန်ဒေါ်လာ ၈၁၅ ဒသမ ၂၃၂ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၂၀ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကိုတွေ့ရသည်။ ဒုတိယနေရာရှိ တရုတ်က ကန်ဒေါ်လာ ၆၀၄ ဒသမ ၃၈၇ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၄ ဒသမ ၉ ရာခိုင်နှုန်း၊ တတိယနေရာရှိ အိန္ဒိယက ကန်ဒေါ်လာ ၃၆၇ ဒသမ ၃၂၈ သန်းဖိုးနှင့် ဈေးကွက်ဝေစု ၉ ရာခိုင်နှုန်း ရရှိထားသည်။ ထို့နောက် မက္ကဆီကို၊ အမေရိကန်၊ အီဂျစ်၊ စပိန် ၊ နယူးဇီလန်၊ ပိုလန် ၊ ပြင်သစ်တို့က အစဉ် လိုက်ရှိကြသည်။ ဈေးနှုန်းအနေနှင့် မက္ကဆီကိုက ပထမ၊ ပိုလန်ကဒုတိယ၊ ပြင်သစ်က တတိယ၊ အမေရိကန်က စတုတ္ထနှင့် တရုတ်က ပဥ္စမတို့ဖြစ်ကြသည်။ ကမ္ဘာ့ကြက်သွန်နီတင်ပို့သော နိုင်ငံ(၁၂၈)နိုင်ငံရှိပြီး မြန်မာနိုင်ငံက အဆင့်(၅၁) နေရာတွင်ရှိသည်။

## EU နိုင်ငံများမှ ကြက်သွန်နီ တင်သွင်းမှု

၇။ ၂၀၁၉ ခုနှစ်တွင် ကြက်သွန်နီ အများဆုံးတင်သွင်းခဲ့သော EU ထိပ်တန်း (၅) နိုင်ငံမှာ အင်္ဂလန်၊ ဂျာမဏီ၊ နယ်သာလန်၊ ပြင်သစ်၊ ဘယ်လဂျီယမ်တို့ဖြစ်ကြပြီး ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ (၅)နှစ် တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းနှင့် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် (၂) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### Fig 7. Top Five EU Importers with the Biggest Growth in value Between 2015and 2019

| Importers | Annual growth in value between 2015–2019 (%) | Annual growth in value between 2018–2019 (%) |
|---|---|---|
| United Kingdom | 8 | 29 |
| Germany | 9 | 29 |
| Netherlands | 26 | 74 |
| France | 5 | 18 |
| Belgium | 2 | 22 |

source : ITC Trade Map

၈။ ကြက်သွန်နီ အများဆုံး တင်သွင်းသောEUထိပ်တန်း (၅) နိုင်ငံ၏ ၂၀၁၉ ခုနှစ်အတွက် တင်သွင်းမှုပမာဏနှင့်တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစု အခြေအနေများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည် –

### Fig 8. Top Five Fresh or chilled onions and shallots Importers of EU in 2019

| Importers | Select your indicators | | | |
|---|---|---|---|---|
| | Value imported in 2019 (USD thousand) | Quantity imported in 2019 | Unit value (USD/unit) | Share in world imports (%) |
| European Union (EU 28) Aggregation | 1434528 | 2286337 | | 35.4 |
| United Kingdom | 295697 | 457193 | 647 | 7.3 |
| Germany | 231499 | 283713 | 816 | 5.7 |
| Netherlands | 217540 | 365055 | 596 | 5.4 |
| France | 109151 | 145848 | 748 | 2.7 |
| Belgium | 90106 | 127401 | 707 | 2.2 |

source : ITC Trade Map

၉။ ၂၀၁၉ခုနှစ်တွင် EUနိုင်ငံများအနေနှင့် ကြက်သွန်နီတင်သွင်းမှုပမာဏသည် ၂၂၈၆၃၃၇ တန် ဖြစ်ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၄၃၄ ဒသမ ၅၂၈ သန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်၏ ၃၅ ဒသမ ၄ ရာခိုင်နှုန်းဈေးကွက်ဝေစုရယူထားပါသည်။

## သွင်းကုန်ခွန်လေ့လာချက်

၁၀။ အခွန်စည်းကြပ်မှုကို လေ့လာရာတွင် ဗီယက်နမ်၊ စင်ကာပူ၊ အိန္ဒိယတို့က MFN duties ၀%၊ ဂျပန်က MFN duties ၀.၀၈၅%၊ ASEAN Countries အတွက် ၀.၀၅%၊ LDC Countries အတွက် ၀%၊ ဘင်္ဂလားဒေ့ရှ်က MFN duties ၀%၊ LDC Countries အတွက် ၀%၊ ထိုင်းက MFN duties ၁.၄၂%၊ ASEAN Countries အတွက် ၀%၊ အင်္ဂလန်၊ ဂျာမဏီ၊ နယ်သာလန်၊ ပြင်သစ်၊ ဘယ်လဂျီယမ်တို့က MFN duties ၀.၀၉၆%၊ LDC Countries အတွက် ၀% သတ်မှတ်ထားကြောင်းလေ့လာတွေ့ရှိရပါသည်။

### Tariff Rate of Fresh or chilled onions and shallots

| Partner | Tariff regime | Applied tariff (as reported) |
|---|---|---|
| Viet Nam | MFN duties (Applied) | 0 |
| Singapore | MFN duties (Applied) | 0 |
| India | MFN duties (Applied) | 0 |
| Bangladesh | MFN duties (Applied) | 0 |
| | Preferential tariff for Least Developed Countries | 0 |
| Thailand | MFN duties (Applied) | 1.42 |
| | Preferential tariff for ASEAN countries | 0 |
| Japan | MFN duties (Applied) | 0.085 |
| | Preferential tariff for ASEAN countries | 0.05 |
| | Preferential tariff for Least Developed Countries | 0 |
| United Kingdom | MFN duties (Applied) | 0.096 |
| | Preferential tariff for Least Developed Countries | 0 |
| Germany | MFN duties (Applied) | 0.096 |
| | Preferential tariff for Least Developed Countries | 0 |
| Netherlands | MFN duties (Applied) | 0.096 |
| | Preferential tariff for Least Developed Countries | 0 |
| France | MFN duties (Applied) | 0.096 |
| | Preferential tariff for Least Developed Countries | 0 |
| Belgium | MFN duties (Applied) | 0.096 |
| | Preferential tariff for Least Developed Countries | 0 |

Source: Market Access Map

# အလားအလာရှိသော ဈေးကွက်တစ်ခုစီလေ့လာချက်

## ထိုင်းဈေးကွက်

Fig 9 : Top 10 world exporters to Thailand in 2019

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| China | 13568 | 85834 | 158 | 36.1 |
| Indonesia | 8302 | 5417 | 1533 | 22.1 |
| Australia | 6444 | 7775 | 829 | 17.1 |
| India | 4884 | 34064 | 143 | 13 |
| Myanmar | 2599 | 7934 | 328 | 6.9 |
| Netherlands | 1028 | 7078 | 145 | 2.7 |
| Korea, Republic of | 334 | 2302 | 145 | 0.9 |
| Egypt | 155 | 1074 | 144 | 0.4 |
| Viet Nam | 124 | 152 | 816 | 0.3 |
| New Zealand | 106 | 727 | 146 | 0.3 |

Source : ITC Trade Map

## စင်ကာပူ ဈေးကွက်

Fig 10: Top 10 world exporters to Singapore in 2019

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Malaysia | 11492 | 13491 | 852 | 26.7 |
| India | 8686 | 28033 | 310 | 20.2 |
| China | 6740 | 13926 | 484 | 15.7 |
| Thailand | 4231 | 3183 | 1329 | 9.8 |
| Pakistan | 3267 | 5711 | 572 | 7.6 |
| Indonesia | 1852 | 1074 | 1724 | 4.3 |
| Netherlands | 1716 | 4021 | 427 | 4 |
| Australia | 1282 | 1456 | 880 | 3 |
| France | 1072 | 1896 | 565 | 2.5 |
| Philippines | 731 | 488 | 1498 | 1.7 |
| Myanmar | 308 | 641 | 480 | 0.7 |

Source : ITC Trade Map

ဗီယက်နမ်ဈေးကွက်

Fig 11: Top 10 world exporters to Viet Nam in 2019

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| China | 284363 | 249694 | 1139 | 95.5 |
| India | 10925 | 45335 | 241 | 3.7 |
| Korea, Republic of | 1757 | 6558 | 268 | 0.6 |
| Lao People's Democratic Republic | 417 | 834 | 500 | 0.1 |
| Netherlands | 247 | 550 | 449 | 0.1 |
| New Zealand | 57 | 104 | 548 | 0 |
| Singapore | 36 | 26 | 1385 | 0 |
| United States of America | 26 | 14 | 1857 | 0 |
| Pakistan | 25 | 118 | 212 | 0 |
| Malaysia | 17 | 86 | 198 | 0 |

Source : ITC Trade Map

ဂျပန် ဈေးကွက်

Fig 12: Top 10 world exporters to Japan in 2019

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| China | 118279 | 261539 | 452 | 90.1 |
| New Zealand | 4302 | 6494 | 662 | 3.3 |
| United States of America | 4260 | 7986 | 533 | 3.2 |
| Australia | 1831 | 2489 | 736 | 1.4 |
| Thailand | 1761 | 1677 | 1050 | 1.3 |
| France | 583 | 246 | 2370 | 0.4 |
| Korea, Republic of | 170 | 151 | 1126 | 0.1 |
| Viet Nam | 105 | 25 | 4200 | 0.1 |
| Indonesia | 25 | 6 | 4167 | 0 |
| Netherlands | 12 | 3 | 4000 | 0 |

Source : ITC Trade Map

ဘင်္ဂလားဒေ့ရှ် ဈေးကွက်

Fig 13: Top 6 world exporters to Bangladesh in 2019

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| India | 65472 | 191646 | 342 | 73.8 |
| China | 6453 | 17154 | 376 | 7.3 |
| Pakistan | 6117 | 10315 | 593 | 6.9 |
| Turkey | 5612 | 19442 | 289 | 6.3 |
| Egypt | 4632 | 14587 | 318 | 5.2 |
| Netherlands | 464 | 927 | 501 | 0.5 |

Source : ITC Trade Map

အိန္ဒိယ ဈေးကွက်

Fig 14: Top 8 world exporters to India in 2019

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Afghanistan | 23669 | 49317 | 480 | 59.4 |
| Turkey | 5361 | 7545 | 711 | 13.5 |
| Egypt | 5175 | 10637 | 487 | 13 |
| United Arab Emirates | 4684 | 6731 | 696 | 11.8 |
| Sri Lanka | 579 | 954 | 607 | 1.5 |
| Iran, Islamic Republic of | 174 | 562 | 310 | 0.4 |
| Netherlands | 170 | 392 | 434 | 0.4 |
| Malaysia | 21 | 40 | 525 | 0.1 |

Source : ITC Trade Map

# မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံး ဈေးကွက်များရွေးချယ်ခြင်း

၁၁။ ကမ္ဘာပေါ်တွင် ကြက်သွန်နီ အများဆုံးတင်သွင်းသော ထိပ်တန်းနိုင်ငံများကို လေ့လာရာတွင် အမေရိကန်သည် ကမ္ဘာ့ကြက်သွန်နီ အများဆုံးဝယ်ယူသောနိုင်ငံဖြစ်ပြီး၊ တစ်ကမ္ဘာလုံး၏ ဈေးကွက်ဝေစု ၁၁ ဒသမ ၃ ရာခိုင်နှုန်းရရှိထားသည်။ ဒုတိယဗီယက်နမ်က ဈေးကွက်ဝေစု ၇ ဒသမ ၃ ရာခိုင်နှုန်း၊ တတိယ အင်္ဂလန်က ဈေးကွက်ဝေစု ၇ ဒသမ ၃ ရာခိုင်နှုန်းရရှိနေသည်။ မြန်မာနိုင်ငံမှ ကြက်သွန်နီများကို ယခုလက်ရှိအချိန်တွင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ကိုရီးယား တို့သို့ အများဆုံးတင်ပို့နေကြောင်း ITC Trade Data အရသိရသည်။

၁၂။ ၂၀၁၉ ခုနှစ်တွင် မြန်မာ့ကြက်သွန်နီကို အများဆုံးဝယ်ယူသောနိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်သည်။ ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ကြက်သွန်နီတင်ပို့မှုမှာ ဈေးကွက်ဝေစု ၀.၁ ရာခိုင်နှုန်းရရှိထားပြီးအဓိကထိုင်းသို့တင်ပို့နေသည်။ မြန်မာ့ကြက်သွန်နီထွက်ရှိမှု၏ ၆၉ ရာခိုင်နှုန်းကို ထိုင်းသို့ တင်ပို့ နေခြင်းဖြစ်သည်။ မြန်မာမှထိုင်း ကြက်သွန်နီဈေးကွက်၏ ၆.၉ ရာခိုင်နှုန်း ဈေးကွက်ဝေစု ရရှိထားသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ပို့ကုန်ထိပ်တန်း စာရင်းမဝင်သော်လည်း ထိုင်းသို့တင်ပို့မှုတွင်အဆင့် ၅၊ ကိုရီးယားသို့ တင်ပို့မှုတွင် အဆင့် ၆၊ မလေးရှားသို့တင်ပို့မှုတွင် အဆင့် ၁၁ ၊ စင်ကာပူသို့ တင်ပို့မှုတွင် အဆင့် ၁၃ နေရာများတွင်စာရင်းဝင်လျက်ရှိသည်။

၁၃။ စင်ကာပူသည် အာရှဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ ထိုင်းသည် အိမ်နီးချင်းအာရှနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းခြင်း၊ ၂၀၁၈-၂၀၁၉ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်းတို့ကြောင့် လက်ရှိဝယ်လက်ဈေးကွက်များအနက် ထိုင်း၊ စင်ကာပူတို့သို့ ဈေးကွက်တိုးချဲ့သင့်ပါသည်။ မလေးရှားနှင့် ကိုရီးယားတို့သည် ၂၀၁၈-၂၀၁၉ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းကျဆင်းခဲ့သဖြင့် လက်ရှိဈေးကွက်ကိုသာ ထိန်းသိမ်းထားသင့်ပါသည်။

၁၄။ ဗီယက်နမ်၊ ဂျပန်တို့သည် ကမ္ဘာ့ဝယ်လိုအားနှင့် အာရှဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ ဘင်္ဂလားဒေ့ရှ်သည် အာရှဝယ်လိုအား ထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အိန္ဒိယသည် အိမ်နီးချင်း အာရှနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းခြင်း၊ ၂၀၁၈-၂၀၁၉ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊

ယင်းနိုင်ငံများသို့ တင်သွင်းမှုတွင် မြန်မာမပါဝင်သေးခြင်းတို့ကြောင့် ဗီယက်နမ်၊ ဂျပန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံများသို့ ဈေးကွက်ထိုးဖောက်သင့်ပါသည်။

၁၅။ ထူးခြားချက်အနေဖြင့်အမေရိကန်၊ နယ်သာလန်စ်၊ ပြင်သစ်နိုင်ငံများတွင်တွေ့ရှိရပါသည်။ နယ်သာလန်စ်သည် ၂၀၁၅ ခုနှစ်တွင် ကန်ဒေါ်လာ ၄၆၅ သန်းကျော်ဘိုးနှင့် ၂၀၁၉ ခုနှစ်တွင် ၈၁၅ သန်းကျော်ဘိုး တင်ပို့ခဲ့သည့် Top Exporter အနေဖြင့်တွေ့ရှိရသည်။ သို့သော် ၂၀၁၉ ခုနှစ်တွင်ပြည်ပမှကန်ဒေါ်လာ ၂၁၇ သန်းကျော်ဘိုး တင်သွင်းထားသည်ကိုတွေ့ရှိရသည်။

၁၆။ အမေရိကန်သည် ၂၀၁၅ ခုနှစ်တွင် ကန်ဒေါ်လာ ၂၁၂ သန်းကျော်ဘိုးနှင့် ၂၀၁၉ ခုနှစ်တွင် ကန်ဒေါ်လာ ၂၈၇ သန်းကျော်ဘိုးတင်ပို့ခဲ့သည့် Top-5 Exporter အနေဖြင့်တွေ့ရှိရသည်။သို့သော် ၂၀၁၉ ခုနှစ်တွင် ပြည်ပမှ ကန်ဒေါ်လာ ၄၅၉ သန်းကျော်ဘိုးတင်သွင်းထားသည်ကိုတွေ့ရသည်။

၁၇။ ပြင်သစ်သည် ၂၀၁၅ ခုနှစ်တွင် ကန်ဒေါ်လာ ၇၁ သန်းကျော်ဘိုးနှင့် ၂၀၁၉ ခုနှစ်တွင် ကန်ဒေါ်လာ ၉၆ သန်းကျော်ဘိုးတင်ပို့ခဲ့သည့် Top-10 Exporter အနေဖြင့်တွေ့ရှိရသည်။ သို့သော် ၂၀၁၉ ခုနှစ်တွင် ပြည်ပမှကန်ဒေါ်လာ ၁၀၉ သန်းကျော်ဘိုးတင်သွင်းထားသည်ကိုတွေ့ရသည်။

၁၈။ ၂၀၁၉ ခုနှစ်တွင် နယ်သာလန်စ်၊ အမေရိကန်၊ ပြင်သစ်တို့သည် ပြည်တွင်းစားသုံးမှုအတွက်နှင့် Export အတွက် ပြည်ပမှတင်သွင်းပြီး Re-Export ဆောင်ရွက်နေသည်ဟု သုံးသပ်ရပါသည်။